မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | | | |
|---|---|---|---|---|
| အမှတ် ၂၄ ] | ရန်ကုန်မြို့ | ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်) | သောကြာနေ့ | [ အတွဲ ၇၉ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကိုဆောင်ရွက်ရာတွင် ငွေရေးကြေးရေးကဏ္ဍမှ အဓိကပါဝင်လျက်ရှိရာ ပြည်သူများ၏အပ်နှံစုဆောင်းငွေများဖြင့် နှစ်တို၊ နှစ်လတ် ကူးသန်းရောင်းဝယ်ရေးချေးငွေ (Commercial) နှင့် MSME ချေးငွေများအပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံရသော စီမံကိန်းနှင့် မူဝါဒဆိုင်ရာလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများထုတ်ချေးပေးလျက်ရှိပါသဖြင့် ကျပ်သန်း (၁၅၀၀) အထက် သတ်မှတ်ထုတ်ချေးရာတွင် စိစစ်နိုင်ရန် **စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အတွင်းရေးမှူး |

( စ ) ဦးဆောင်ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
မြန်မာ့စီးပွားရေးဘဏ်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၂။ စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီတို့၏ စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေလျှောက်ထားလာမှုများအပေါ် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ စီးပွားရေးမူဝါဒနှင့်ကိုက်ညီသော ချေးငွေလျှောက်ထားလာမှုများကို စိစစ်ခွင့်ပြုခြင်း၊ မကိုက်ညီပါက ငြင်းပယ်ခြင်း၊

( ခ ) ချေးငွေထုတ်ချေးခြင်းနှင့်သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများကို လိုအပ်ပါက စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရန်စိစစ်ရေးအဖွဲ့ အစည်းအဝေးများသို့တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ခြင်း၊

( ဂ ) ခွင့်ပြုချေးငွေ သက်တမ်းကာလ (နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်) သတ်မှတ်ပေးခြင်း၊

(ဃ) ချေးငွေရယူမည့်လုပ်ငန်းအမျိုးအစား၊ စီမံကိန်းပေါ်မူတည်၍ ချေးငွေအတိုးနှုန်း သတ်မှတ်ပေးခြင်း၊

( င ) ဘဏ်ချေးငွေတစ်ရပ်အတွက် လက်ရှိရယူနေသောမြေ၊ အဆောက်အဦ စသည့် အာမခံပစ္စည်းများအပြင် လိုအပ်ပါက အခြားသောအာမခံပစ္စည်းအမျိုးအစား (စက်ပစ္စည်း) ကို တိုးချဲ့သတ်မှတ်ခွင့်ပြုခြင်း၊

( စ ) ချေးငွေထုတ်ချေးခွင့်ပြုပြီးနောက် လုပ်ငန်းရှင်မှ ရင်းနှီးရန်မလုံလောက်၍ ချေးငွေပမာဏတိုးမြှင့်ပေးရန် ထပ်မံလျှောက်ထားလာသောကိစ္စများအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ချေးငွေအရင်းအတိုးပေးဆပ်မှုအပေါ် စောင့်ကြည့်ကြပ်မတ်ခြင်း၊

( ဇ ) အာမခံပစ္စည်းများ တည်မြဲနေခြင်း ရှိ မရှိ စီးပွားရေးလုပ်ငန်းများအခြေအနေတိုးတက်မှု ရှိ မရှိတို့ကို အကဲဖြတ်အဖွဲ့များ Evaluation Teams ဖွဲ့စည်းစစ်ဆေးမှုပြုလုပ်ခြင်း၊

( ဈ ) ခွင့်ပြုပြီးသောချေးငွေတစ်ရပ်သည် ပေးဆပ်ရန်သက်တမ်းမစေ့ရောက်သေးသော်လည်း လုပ်ငန်းရှင်၏ ချို့ယွင်းအားနည်းချက်တစ်စုံတစ်ရာကြောင့် ချေးငွေပြန်လည်ပေးဆပ်မှုအပေါ် ထိခိုက်နိုင်သော အထောက်အထားအခိုင်အလုံရရှိပါက ယင်းချေးငွေအား သက်တမ်းမစေ့ရောက်မီ ပြန်လည်ပေးဆပ်စေခြင်း သို့မဟုတ် မူလခွင့်ပြုချေးငွေပမာဏကို ပြင်ဆင်လျှော့ချသတ်မှတ်ခြင်း၊

(ည) သတ်မှတ်ကာလအတွင်း အရင်း၊ အတိုး၊ ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားစွဲဆိုခြင်း၊ လိုအပ်ပါက အာမခံပစ္စည်းများကို ချိပ်ပိတ်ခြင်း၊ သိမ်းဆည်းခြင်း၊ ပြန်လည်ရောင်းချခြင်း စသည်တို့ကို ဆောင်ရွက်ရန် ခွင့်ပြုခြင်း၊

( ဋ ) စီမံကိန်းလုပ်ငန်းကြီးများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများအတွက် ပမာဏကြီးမားသည့် ချေးငွေကိစ္စရပ်များကို အဖွဲ့မှစိစစ်ပြီး လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြဆောင်ရွက်ခြင်း။

၃။ မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန် ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော သွင်းအားစုများအား စိုက်ပျိုးရာသီ အချိန်မီရရှိရေး၊ စံချိန်စံညွှန်းအရည်အသွေးပြည့်ဝစေရေးနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် **ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(၁) **ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ**

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဋ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

( ဌ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

( ဍ ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၂) ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ယူရီးယားမြေသြဇာအပါအဝင် သွင်းအားစုများ ဝယ်ယူဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ခ ) တင်သွင်းမည့်သွင်းအားစုများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ဂ ) ပြည်ပမှတင်သွင်းမည့် သွင်းအားစုများနှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်များရရှိရေး၊ သွင်းကုန်လိုင်စင်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) သွင်းအားစု၏ အရည်အသွေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

( င ) မြေသြဇာဥပဒေနှင့်အညီ လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

( စ ) သွင်းအားစုများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိချိန်တွင် အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များနှင့် ဆိပ်ကမ်းမှထုတ်ယူရာတွင် မြန်ဆန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး ကြီးကြပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ကုမ္ပဏီများအလိုက် ပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့နယ်များသို့ သွင်းအားစုများ ဖြန့်ဖြူးရောင်းချရာတွင် အဆင်ပြေချောမွေ့စေရန် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ဇ ) နိုင်ငံတော်မှဆောင်ရွက်သည့် စိုက်ပျိုးရေးလုပ်ငန်းစီမံကိန်းများတွင် သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် ပါဝင်ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

( ဈ ) သွင်းအားစုများရောင်းချရာတွင် ပြင်ပပေါက်ဈေးထက်သက်သာပြီး ထိုက်သင့်သည့်ဈေးနှုန်းဖြင့် တောင်သူများ ဝယ်ယူရရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ ဈေးနှုန်းအတည်ပြုသတ်မှတ်ပေးခြင်းနှင့် ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးခြင်း၊

(ည) လိုအပ်သည့် လုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းတာဝန်ပေးခြင်း။

(၃) **နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ/ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာဝန်ကြီး<br>နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်ဦးစီးမှူး<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (င) | နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဇ) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/<br>ပြည်နယ်အစိုးရအဖွဲ့ | အတွင်းရေးမှူး |

(၄) နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်များ၌ တောင်သူများထံ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မြို့နယ်ဖြန့်ဖြူးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ခ) နိုင်ငံတော်မှဆောင်ရွက်သည့် စိုက်ပျိုးရေးလုပ်ငန်းစီမံကိန်းများတွင် သွင်းအားစုများ အချိန်မီ ရရှိရေး၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် အမှန်တကယ်အသုံးပြုမည့် တောင်သူ လက်ဝယ်ရောက်ရှိရေးတို့ကို စိစစ်ကြီးကြပ်ပေးခြင်း၊

(ဂ) ကုမ္ပဏီများ၊ အရောင်းဆိုင်များမှ တောင်သူများထံ ဖြန့်ဖြူးရောင်းချရာတွင် အလွဲသုံးစားမှု မရှိစေရေး စိစစ်ကြီးကြပ်ပေးခြင်း၊

(ဃ) သွင်းအားစုများအတွက် ပံ့ပိုးချေးငွေများရယူထားသော တောင်သူများထံမှ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့် ချေးငွေကျန်စာရင်းများကို စိစစ်ကြီးကြပ်ခြင်း၊

( င ) မြို့နယ်ဖြန့်ဖြူးရေးကော်မတီနှင့် တောင်သူအစုအဖွဲ့/သမဝါယမအသင်းများအကြား ချေးငွေ သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

( စ ) သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း သွင်းအားစုများရောင်းချသည့် ဒေသအလိုက် လက္ကား ဒိုင်များနှင့် အရောင်းဆိုင်များအား သက်ဆိုင်ရာဒေသအလိုက်သို့ သယ်ယူစရိတ်နှင့် အမြတ် ရာခိုင်နှုန်းကိုသာ ထည့်ပေါင်းပြီး ရောင်းချနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဆ) သွင်းအားစုများအား သိုလှောင်ထားပြီး ဈေးမကစားနိုင်ရန်၊ ဈေးနှုန်းတင်ပိုမရောင်းချရန်နှင့် အရည်အသွေးမှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား ခေါ်ယူဆွေးနွေးခြင်း၊ ညှိနှိုင်းပေးခြင်းနှင့် ပုံမှန်စစ်ဆေးကြီးကြပ်ပေးခြင်း၊

( ဇ ) အခက်အခဲတစ်စုံတစ်ရာရှိပါက ပြည်ထောင်စုအဆင့်ထံ တင်ပြခြင်း၊

( ဈ ) သက်ဆိုင်ရာလုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

## အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏ ကုန်သွယ်မှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်၏လက်ရှိအမျိုးသားရေးရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်၊ စီးပွားရေးဦးတည်ချက်များ၊ ပကတိ အခြေအနေများနှင့်အညီ အမျိုးသားပို့ကုန်မဟာဗျူဟာကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် **အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(ည) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဋ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(ဍ) ဒေါက်တာ ဇော်ဦး — အဖွဲ့ဝင်
ပြင်ပကျွမ်းကျင်ပညာရှင်

(ဎ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပို့ကုန်လုပ်ငန်းများအတွက် လုံခြုံစိတ်ချရပြီး လုပ်သာကိုင်သာရှိသည့် ပို့ကုန်ဝန်းကျင်ကောင်း (A Conducive Environment) တစ်ခု ဖန်တီးနိုင်ရေးမူဝါဒများ ချမှတ်ပေးရန်၊

(ခ) အမျိုးသားပို့ကုန်မဟာဗျူဟာရှိ လုပ်ငန်းစဉ်များမှ အလျင်အမြန်အကျိုးရရှိနိုင်မည့် ဦးစားပေး လုပ်ငန်းစဉ်များ တင်ပြလာမှုကို လမ်းညွှန်မှုပြုရန်နှင့် အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ရန်၊

( ဂ ) အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍများ၏ ပို့ကုန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစီရင်ခံတင်ပြမှုများအပေါ် လေ့လာသုံးသပ်ပြီး မူဝါဒဆိုင်ရာ လမ်းညွှန်မှုပေးရန်၊

(ဃ) ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကိုရေးရှုသော ရေတိုရေရှည်မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ထိန်းကျောင်းလမ်းညွှန်မှုပြုရန်၊

( င ) ပို့ကုန်အမျိုးအစားနှင့် အရေအတွက်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးပေါင်းစည်းမှုအစီအစဉ်များ ပိုမိုအားကောင်းလာစေရေးမူဝါဒများ ချမှတ်ဆောင်ရွက်ပေးရန်၊

( စ ) ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကန့်အသတ်ဖြစ်နေသည့် ကိစ္စရပ်များနှင့် ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကိုပြန်လည်သုံးသပ်၍ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလမ်းညွှန်ချက်ခံယူရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်**
**အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးသည် **အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( ဂ ) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဖ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဗ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(ဘ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(မ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ယ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ရ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(လ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(ဝ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(သ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဟ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဠ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အားကစားရေးရာဝန်ကြီးဌာန

(အ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ကက) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဂဂ) ဒုတိယစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

| | | |
|---|---|---|
| (ဃဃ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စစ) | အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဆဆ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဇဇ) | ညွှန်ကြားရေးမှူး<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဈဈ) | အမြဲတမ်းအတွင်းဝန်<br>ပြည်သူ့လွှတ်တော်ရုံး | အဖွဲ့ဝင် |
| (ညည) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဋဋ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဌဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| (ဍဍ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | အဖွဲ့ဝင် |
| (ဎဎ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလျှင်ကော်မတီ | အဖွဲ့ဝင် |
| (ဏဏ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း | အဖွဲ့ဝင် |
| (တတ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထထ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဒဒ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာ အဆောက်အဦများနှင့် နိုင်ငံတော်သမ္မတရုံးမှ သီးခြားတာဝန်ပေးအပ်သည့် အဆောက်အဦများအနက် ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် အဆောက်အဦများအား ပြန်လည် ပြုပြင်အသုံးပြုနိုင်ရေးနှင့် လုံးဝဖျက်သိမ်း၍ အသစ်ပြန်လည်တည်ဆောက်ရမည့် အဆောက်အဦ များအား ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်အောင် တည်ဆောက်နိုင်ရေး တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အထက်ဖော်ပြပါ အဆောက်အဦများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (NDMC) က ဖွဲ့စည်းပေးသည့် ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးရရှိသည့် အရောင်ခွဲခြားသတ်မှတ်မှု (အနီရောင်/ အဝါရောင်/ အပြာရောင်) အဆင့်သတ်မှတ်ချက်များအားရယူ၍ ပြန်လည်ပြုပြင်/ အသစ်တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) အထက်ပါ အရောင်ခွဲခြားသတ်မှတ်ချက်အရ အငယ်စား/ အလတ်စား/ အကြီးစား ပြင်ဆင်ရမည့် အဆောက်အဦ၊ ပြုပြင်၍မရတော့သဖြင့် ဖယ်ရှားရှင်းလင်းပြီး အသစ်တည်ဆောက်ရမည့် အဆောက်အဦများကိုပြုပြင်တည်ဆောက်သွားမည့် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆောက်လုပ်ရေး အဖွဲ့များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (National Disaster Management Committee-NDMC) မှတစ်ဆင့် အတည်ပြုသတ်မှတ်ခြင်းနှင့် ဆောင်ရွက်မည့် အစီအမံ များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ လုပ်ငန်းများဆက်လက်အကောင် အထည်ဖော်ခြင်း၊

(ဃ) ထိုကဲ့သို့ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းဆောင်ရွက်ရာတွင် ငလျင်ဒဏ်အပါအဝင် အခြားကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ ထည့်သွင်းတွက်ချက်၍ပြုပြင်ခြင်း၊ တည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်း၊

(င) ပြန်လည်ပြုပြင်တည်ဆောက်မည့် အဆောက်အဦများ၏ ပရိဝုဏ်အတွင်းရှိ လမ်း၊ တံတား၊ ရေ၊ မီး၊ မိလ္လာ၊ ရေစီးရေလာကောင်းမွန်ရေးနှင့် အခြားအုပ်ချုပ်မှုလိုအပ်ချက်များကိုပါ ထည့်သွင်းတွက်ချက် ဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဆောက်အဦများ၊ ဝန်ကြီးဌာနများ၏ အဆောက်အဦများကို ဤကော်မတီက တိုက်ရိုက်ကြီးကြပ်ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဒေသဆိုင်ရာ အဆောက်အဦများနှင့်ပတ်သက်၍ သက်ဆိုင်ရာနေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌတို့က တာဝန်ယူကြီးကြပ်ဆောင်ရွက်နိုင်ရေး လိုအပ်သလို ညှိနှိုင်းပေါင်းစပ်စီမံဆောင်ရွက်ပေးခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ယူဆောက်လုပ်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် ရန်ပုံငွေထပ်မံတောင်းခံခြင်းကိစ္စရပ်များအား ငွေလုံးငွေရင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် **ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဥ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ထ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ငွေစာရင်းရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဓ) လက်ထောက်အတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနအလိုက် တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေအရ ငွေလုံးငွေရင်းအသုံးစရိတ်များ ပြုပြင်လျာထားရန်နှင့် နောင်လာမည့် ဘဏ္ဍာနှစ်အတွက် လျာထားသည့် ရန်ပုံငွေများကို ကြိုတင်စိစစ်ညှိနှိုင်းရန်၊

(ခ) ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့်လုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းရရှိနိုင်မှုနှင့် စက်၊ ယန္တရားများသုံးစွဲနိုင်မှုအရ လုပ်ငန်းများကို ဦးစားပေးအစီအစဉ်များ ချမှတ်ပေးရန်၊

(ဂ) နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် လုပ်ငန်းစီမံကိန်းတစ်ရပ်ကို အဖွဲ့အစည်းတစ်ခုထက်ပို၍ ပူးပေါင်းဆောင်ရွက်ရသည့်ကိစ္စရပ်များတွင် တစ်စုတစ်စည်းတည်းသက်ဆိုင်ရာအဖွဲ့အစည်းများကို ခေါ်ယူညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံတောင်းခံခြင်း၊ နေရာဒေသပြောင်းလဲခြင်း၊ ပုံစံပြောင်းလဲခြင်း၊ လုပ်ငန်းစီမံကိန်းတန်ဖိုးပြောင်းလဲခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ယူသုံးစွဲခြင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနှင့် အရေးပေါ်ရန်ပုံငွေတို့မှ တောင်းခံသုံးစွဲခြင်းများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများမှတင်ပြလာသည့်အခါ စိစစ်ဆောင်ရွက်ပေးရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးကဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းစသည့် စိစစ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် **တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) အမြဲတမ်းအတွင်းဝန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဎ) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) ညွှန်ကြားရေးမှူးချုပ် အဆောက်အဦဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဆပ်ကော်မတီများဖွဲ့စည်းပြီး စိစစ်ထားရှိမှုများကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီသို့ ဆက်လက်တင်ပြအတည်ပြုချက်ရယူသွားရန်၊

(ခ) စီမံကိန်းလုပ်ငန်းကြီးများအား နိုင်ငံတော်သမ္မတရုံးထံ သက်ဆိုင်ရာဝန်ကြီးဌာနက မူအားဖြင့် အတည်ပြုချက်ရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဆပ်ကော်မတီမှ စိစစ်အတည်ပြုပြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ ဆက်လက်တင်ပြသွားရန်၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူတည်ဆောက်မည့် အဆောက်အဦနှင့်ပတ်သက်သော ရုံး၊ ကျောင်း၊ လူနေအိမ်၊ အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ရိပ်သာများအား ရာထူးအဆင့်အတန်းအလိုက် ပုံစံ၊ ဒီဇိုင်းနှင့် သုံးစွဲမည့်ပစ္စည်းများအား တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ စိစစ်ပေးရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအခြေအနေများကို လိုအပ်ပါက စိစစ်သုံးသပ်ရန်၊

(င) ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲစည်းမျဉ်း၊ ညွှန်ကြားချက် များနှင့်အညီ စိစစ်သွားရန်၊

(စ) ဌာနဆိုင်ရာများမှ တည်ဆောက်ရေးလုပ်ငန်းများအား တည်ဆောက်ရာတွင် သုံးစွဲသည့် ပစ္စည်းနှင့် ဈေးနှုန်းများမှန်ကန်မှု ရှိ မရှိ၊ ပုံစံနှင့် ခန့်မှန်းခြေစာရင်းများ ကိုက်ညီမှု ရှိ မရှိ စိစစ်ရန်၊

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာနများမှဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်း မဆောင်ရွက်မီအခြေအနေနှင့် ဆောင်ရွက်ပြီးပါက သတ်မှတ်ထားသော စီမံကိန်းပါအချက်အလက် များနှင့် ကိုက်ညီမှု ရှိ မရှိ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ဆပ်ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများက ကွင်းဆင်းစိစစ်ပေးရန်၊

(ဇ) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် ဖွဲ့စည်းထားသော ဆပ်ကော်မတီများမှ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စိစစ်ဆောင်ရွက်ပေးရန်၊

(ဈ) ဝန်ကြီးဌာနများမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ QA/QC သို့မဟုတ် ကန်ထရိုက်မှတ်ပုံတင် လက်မှတ်ရရှိထားသော QA/ QC ကုမ္ပဏီများမှ လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်အလိုက် စစ်ဆေးမှုကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖွဲ့စည်းထားသော ဆပ်ကော်မတီများမှ စိစစ်ဆောင်ရွက်ရန်၊

(ည) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် မဟုတ်သည့် ဝန်ကြီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အဖွဲ့ဝင် ဝန်ကြီးဌာန ဆပ်ကော်မတီများအား တာဝန်ပေးအပ်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီသည် လိုအပ်သောလုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်သွားရန်၊

(ဌ) နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားလာသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသစသည့် နယ်မြေဒေသများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် နေအိမ်နှင့် လုပ်ငန်းသုံး စက်ရုံ၊ အလုပ်ရုံများ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်မှထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များပံ့ပိုးပေးနိုင်ရန် **အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အတွင်းရေးမှူး<br>အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ | အဖွဲ့ဝင် |
| (ဈ) | ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အတွင်းရေးမှူး |

၂။ အင်အားပြင်းမြန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရန်ပုံငွေအား ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် စိစစ်ထုတ်ချေးပေးနိုင်ရန် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ခ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဈေးကွက်တည်ငြိမ်ရေးရန်ပုံငွေတို့မှ ထည့်ဝင်ငွေများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှတစ်ဆင့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ချေးငွေမူဝါဒနှင့်အညီ ထုတ်ချေးနိုင်မည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ (SOP) ချမှတ်ခြင်း၊

(ဂ) ပြန်လည်ထူထောင်ရေးချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ခြင်း၊

(ဃ) ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာသော ချေးငွေအစီအစဉ်တွင်ပါဝင်ဆောင်ရွက်မည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား စိစစ်ရွေးချယ်ပေးခြင်း၊

(င) ရန်ပုံငွေသုံးစွဲမှု၊ လက်ကျန်ပမာဏအခြေအနေ၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေထုတ်ချေးမှု၊ အရင်းနှင့်အတိုး ပြန်လည်ကောက်ခံရရှိမှုအခြေအနေများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ မူဝါဒနှင့်ကိုက်ညီမှု ရှိ မရှိ သုံးသပ်တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတရုံးနှင့် စီးပွားရေးရာကော်မတီသို့ ခြောက်လ တစ်ကြိမ် တင်ပြခြင်း၊

(စ) ဤချေးငွေအစီအစဉ်အရ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် ဘဏ်များ/ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးရမည့် သဘောတူစာချုပ် (Agreement) ပုံစံကို အတည်ပြုပေးခြင်း၊

(ဆ) ရန်ပုံငွေသုံးစွဲမှုတွင် ပွင့်လင်းမြင်သာမှုရှိစေရန် (Transparency)၊ တာဝန်ယူမှုရှိစေရန် (Accountability) နှင့် ထိရောက်မှုရှိစေရန် (Effectiveness)၊ ထုတ်ချေးခဲ့သည့် ချေးငွေပြန်လည်ပေးဆပ်မှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ တင်ပြလာသည့် အစီရင်ခံစာကို စိစစ်သုံးသပ်ခြင်း၊

(ဇ) ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေးအား တစ်လလျှင် တစ်ကြိမ်၊ လိုအပ်ပါက အခါ အားလျော်စွာ ကျင်းပပြုလုပ်ခြင်း၊

(ည) ရန်ပုံငွေစာရင်းများသို့ ပြန်လည်လွှဲပြောင်းထည့်သွင်းပေးနိုင်ရန် လိုအပ်သလို စီမံခန့်ခွဲခြင်း။

၃။ အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် လိုအပ်သည့် အထောက်အကူပြုလုပ်ငန်း အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးသည် **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ် — ဥက္ကဋ္ဌ

(ခ) ဦးကျော်ဝင်းသိန်း
အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ် — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကော်မရှင်အဖွဲ့ရုံး
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဌ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ဌာနကြီးမှူး　　　　　　　　　　　　　　　　　　အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ပြည်ထဲရေးဝန်ကြီးဌာန

(ဒ) ဌာနကြီးမှူး　　　　　　　　　　　　　　　　　　အဖွဲ့ဝင်
ဥပဒေရေးရာနှင့် မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ပြည်ထဲရေးဝန်ကြီးဌာန

(ဓ) တပ်ဖွဲ့မှူး　　　　　　　　　　　　　　　　　　အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(န) တပ်ဖွဲ့မှူး　　　　　　　　　　　　　　　　　　အဖွဲ့ဝင်
မှုခင်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ပ) တပ်ဖွဲ့မှူး　　　　　　　　　　　　　　　　　　အတွင်းရေးမှူး
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ မူဝါဒနှင့် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အာရှ-ပစိဖိတ်ပူးပေါင်းအဖွဲ့သို့ (၄) လလျှင် တစ်ကြိမ် တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအမံ (Action Plan) တွင် ကျန်ရှိသည့် အချက် (၅) ချက်အား ပြီးမြောက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) သက်ဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် (၂) ပတ်လျှင် တစ်ကြိမ် အစည်းအဝေးများပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုပြီး တိုးတက်မှုအခြေအနေကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြရန်၊

(ဃ) လက်ငင်းရလဒ်နှင့် အကောင်အထည်ဖော်သည့်ဌာန၊ အဖွဲ့အစည်းအလိုက် တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေကို (၂) ပတ်လျှင် တစ်ကြိမ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရန်၊

(င) အာရှ-ပစိဖိတ်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) ၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံအား အကဲဖြတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်နိုင်ရေးနှင့် စိစစ်ကြပ်မတ်နိုင်ရေးတို့အတွက် **မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ် (၁) ဦး<br>အမျိုးသားလုံခြုံရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ် (၁) ဦး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ် (၁) ဦး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ် (၁) ဦး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ် (၁) ဦး<br>မှုခင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ် (၁) ဦး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ် (၁) ဦး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ် (၁) ဦး<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အတွင်းရေးမှူး |
| (ဋ) | ကိုယ်စားလှယ် (၁) ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကြီးကြပ်မှုကော်မတီသည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြု ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်စေရေး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ၊ ၂၀၁၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ၊ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေး

အဖွဲ့အစည်းများဥပဒေ၊ ၂၀၂၅ ခုနှစ် ဆိုက်ဘာလုံခြုံရေးဥပဒေ စသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ် လမ်းညွှန်ပေးရန်၊

( ခ ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကိုထိခိုက်စေသည့် ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပွားမှုမရှိစေရေး၊ ကောင်းမွန်လုံခြုံသော ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများအသုံးပြုနိုင်ရေး၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်သို့ အများပြည်သူမှ ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရေးမူဝါဒများနှင့် လုပ်ငန်းစီမံချက်များ ချမှတ်ပေးရန်၊

( ဂ ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအား ကြီးကြပ်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် ဆပ်ကော်မတီများ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့များ အား သက်ဆိုင်ရာဌာန၏ လုပ်ငန်းတာဝန်အလိုက်ဖွဲ့စည်းပေး၍ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို ချမှတ်ပေးရန်၊

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်း (ငွေရေးကြေးရေးဥပဒေ/ စည်းမျဉ်း/ ၀၁/ ၀၃-၂၀၁၆) နှင့် မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အမှတ် ၄/၂၀၁၃ တို့အပေါ်စိစစ်ပြီး ပြင်ဆင်ပြောင်းလဲရန် လိုအပ်သည့်အချက်အလက် များအား ပြုစုတင်ပြရန်၊

( င ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရေး ကြီးကြပ် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးရန်၊

( စ ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ ထုတ်ပြန်ရန်နှင့် ကော်မတီအဖွဲ့အစည်းများမှ လိုအပ်ချက်ပေါ်မူတည်ပြီး အကြံပြုတင်ပြလာသည် များကို အတည်ပြု၍ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်၊ လမ်းညွှန်ချက်များ ထပ်မံထုတ်ပြန်ရန်၊

(ဆ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း အသုံးပြုသူများ၏ အချက်အလက်များအား ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနများရှိ အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးသွားနိုင်ရေး ကြီးကြပ်မှုကော်မတီမှ ညှိနှိုင်းဆောင်ရွက်သွားရန်၊

( ဇ ) အီလက်ထရောနစ်နည်းလမ်းဖြင့် အပြန်အလှန်ငွေလွှဲပြောင်းခြင်းဆောင်ရွက်ရာတွင် ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် တည်ဆဲ ဘဏ်လုပ်ငန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာမှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) ဘဏ်စာရင်း၊ မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ခြင်းနှင့် ၎င်းလုပ်ငန်းများဖြင့် လုပ်ငန်းလွှဲပြောင်း ဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများ၊ ကိုယ်စားလှယ်များ၏ အချက်အလက်များ (Known your Customer) အား ပြည့်စုံစွာရယူထားရန်နှင့် အချက်အလက်ပြည့်စုံမှုမရှိပါက ဝန်ဆောင်မှုမပေးနိုင်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(ည) ကြီးကြပ်မှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ လုပ်ငန်းအလျောက် လိုအပ်ချက်ပေါ်မူတည်၍ အစည်းအဝေးကျင်းပပြုလုပ်သွားရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံခြားရေးရာမူဝါဒနှင့်အညီ လိုက်နာကျင့်သုံးနိုင်စေရန် **နိုင်ငံခြားရေးရာမူဝါဒကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဆ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံခြားရေးရာမူဝါဒကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံတော်မှကျင့်သုံးနေသော နိုင်ငံခြားရေးရာမူဝါဒဆိုင်ရာကိစ္စရပ်များအား နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ **လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဂ) ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ပြည်ထောင်စုဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**စီးပွားရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကိစ္စရပ်များကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် **စီးပွားရေးရာကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) နိုင်ငံတော်သမ္မတ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်သမ္မတရုံး — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| ( ဒ ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ စီးပွားရေးရာကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် **ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(တ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ပ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဖ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
ပညာရေးဝန်ကြီးဌာန

(ဗ) ပြည်ထောင်စုဝန်ကြီး — တွဲဖက်အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

၂။ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် ပုဒ်မ ၃၃ တို့ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

(ခ) မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ တိုင်းရင်းသားရေးရာနှင့် ပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် **တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ဒုတိယစာရင်းစစ်ချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ပ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

၂။ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၅ တို့ပါပြဋ္ဌာန်းချက်များဖြစ်သည့် တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူတို့၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ထိရောက်စွာပံ့ပိုးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

(ခ) မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယသမ္မတ (၂) — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၁)
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ (၂)
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(ဃ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အမျိုးသမီးရေးရာဝန်ကြီးဌာန

| | | |
|---|---|---|
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | နေပြည်တော်ကောင်စီဥက္ကဋ္ဌက<br>တာဝန်ပေးအပ်သူကောင်စီဝင် (၁) ဦး | အဖွဲ့ဝင် |
| (ဖ) | ကချင်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ဗ) | ကယားပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဘ) | ကရင်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (မ) | ချင်းပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ယ) | စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ရ) | တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (လ) | ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ဝ) | မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (သ) | မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ဟ) | မွန်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ဠ) | ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (အ) | ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ကက) | ရှမ်းပြည်နယ်ဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ခခ) | ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးအပ်သူဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (ဂဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဃဃ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ညည) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ဍ ) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ဎ ) | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏဏ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တတ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ထထ) | ကိုယ်အင်္ဂါမသန်စွမ်းသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( ဒ ဒ ) | အမြင်အာရုံမသန်စွမ်းသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( ဓ ဓ ) | အကြားအာရုံမသန်စွမ်းသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( န န ) | ဉာဏ်ရည်မသန်စွမ်းသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( ပ ပ ) | မသန်စွမ်းမှုတစ်မျိုးထက်ပိုသူများက ရွေးချယ်စေလွှတ်သော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( ဖ ဖ ) | အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများက<br>ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( ဗ ဗ ) | စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များက ရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဘဘ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( မ မ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မိမိ၏လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်)

**အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ဇော်ဟိန်း

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း**

**(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　　　　)**

၁၃၈၈ ခုနှစ်၊　　　　လ　　ရက်

(၂၀၂၆ ခုနှစ်၊　　　　လ　　ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် စီရင်ပိုင်ခွင့်**

၁။ ဤဥပဒေကို **အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အွန်လိုင်းလိမ်လည်မှုနှင့်သက်ဆိုင်သည့် အောက်ပါကျူးလွန်မှု တစ်ရပ်ရပ်အတွက် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားကဖြစ်စေ ပြည်ပတွင်ကျူးလွန်မှု၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့်ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်မှု၊

(င) ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်မှု။

## အခန်း (၂)

## အဓိပ္ပာယ်ဖော်ပြချက်

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဗဟိုဌာန** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဗဟိုဌာန (Anti – Scam Centre) ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ဆ) **အွန်လိုင်းလိမ်လည်မှု (Online Scam)** ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့် နည်းပညာအသုံးပြု၍ သူတစ်ဦးဦး၏ ငွေကြေး သို့မဟုတ် အဖိုးတန်ပစ္စည်းကို လှည့်ဖြားရယူခြင်းကို ဆိုသည်။

(ဇ) **အချက်အလက် (Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့် အချက်အလက်ကို ဆိုသည်။

(ဈ) **ဘဏ်ငွေစာရင်းအမှတ် (Bank Account)** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းတစ်ရပ်ရပ်၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုအသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်းအကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ပေးချေမှုကိုအသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်းပါဝင်သည်။

(ည) **ဆက်သွယ်ရေးကွန်ရက် (Communication Network)** ဆိုသည်မှာ စာသား၊ အသံ၊ ရုပ်ပုံ၊ ရုပ်သံဗီဒီယို သို့မဟုတ် အချက်အလက် (Data) တစ်ရပ်ရပ်ကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့ခြင်း၊ လက်ခံခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖလှယ်ခြင်းတို့ပြုလုပ်နိုင်ရန်အတွက် ကြိုးမဲ့စနစ်၊ ကြိုးသုံးစနစ်၊ အလင်းဖိုင်ဘာစနစ်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ် သို့မဟုတ် အခြားလျှပ်စစ်သံလိုက်စနစ် တစ်ခုခုဖြင့် ချိတ်ဆက်ထားသော ထိန်းချုပ်မှုစနစ်နှင့်အခြေခံအဆောက်အအုံကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အများပြည်သူသုံးဆက်သွယ်ရေးကွန်ရက်၊ သီးသန့်ကွန်ရက်နှင့် အင်တာနက်ကွန်ရက်တို့လည်း အကျုံးဝင်သည်။

(ဋ) **လူမှုကွန်ရက် (Social Network)** ဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အခြေပြု၍ အသုံးပြုသူက မိမိ၏ ကိုယ်ရေးအချက်အလက်များ သို့မဟုတ် ဒီဂျစ်တယ်အကြောင်းအရာ (Digital Content) များကို ဖန်တီးခြင်း၊ လွှင့်တင်ခြင်း၊ ဖလှယ်ခြင်းနှင့် အခြားအသုံးပြုသူများနှင့် အပြန်အလှန်ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် အွန်လိုင်းအခြေပြု ဝန်ဆောင်မှု၊ ဝက်ဘ်ဆိုဒ် (website) သို့မဟုတ် ဆော့ဖ်ဝဲအပလီကေးရှင်း (Software Application) ကို ဆိုသည်။

( ဎ ) **မိုဘိုင်းငွေကြေးစာရင်း (Mobile Financial Services Account)** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူကမိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများဆောင်ရွက်ပေးရန်အလို့ငှာဆက်သွယ် ဆောင်ရွက်သူ၏ ငွေကြေးတန်ဖိုးတစ်ရပ်ကို ထိုသူ၏မိုဘိုင်းဖုန်းတွင် သိုမှီးပေးထားခြင်းကို ဆိုသည်။

( ဍ ) **ဆက်သွယ်ရေး အော်ပရေတာ** ဆိုသည်မှာ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုအောက်တွင်ရှိသော အော်ပရေတာများကို ဆိုသည်။

( ဎ ) **အင်တာနက် ဝန်ဆောင်မှုပေးသူ (Internet Service Provider–ISP)** ဆိုသည်မှာ နိုင်ငံတော်အတွင်း အသုံးပြုနိုင်သည့် ဒီဂျစ်တယ် ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဏ) **ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account)** ဆိုသည်မှာ ရာဇဝတ်မှုမှရရှိသော ငွေကြေးများကို လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် ငွေကြေးခဝါချခြင်း ပြုလုပ်နိုင်ရန်အတွက် မိမိ၏ ဘဏ်ငွေ စာရင်းအမှတ် အီလက်ထရောနစ်ဝေါလက် (E-wallet) သို့မဟုတ် ဆင်းကတ် (SIM CARD) ကို အခြားသူတစ်ဦးအား အသုံးပြုခွင့်ပေးထားခြင်း သို့မဟုတ် အငှားချထားခြင်းကို ဆိုသည်။

## အခန်း (၃)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတော်အတွင်း အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

( ခ ) နယ်စပ်ဒေသများမှတစ်ဆင့် နိုင်ငံတော်အတွင်းသို့ တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှု ဆိုင်ရာ မှုခင်းများကိုကျူးလွန်ခြင်းဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှကာကွယ်နိုင်ရန်၊

( ဂ ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ မှုခင်းများကို အမြစ်ပြတ်ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရန်၊

(ဃ) အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ရန်၊

( င ) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား သတင်းအချက်အလက်ဖလှယ်နိုင်မည့် စနစ်တစ်ခု တည်ထောင်နိုင်ရန်၊

( စ ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာတွင် တရားမဝင်ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းနိုင်ရန်၊

(ဆ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်း နိုင်သည့် ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာမှ ရရှိလာသည့် အကျိုးအမြတ်များကို သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၄)

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဥက္ကဋ္ဌ/ ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၆) | တိုင်းမှူး<br>သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (၁၆) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(၁၇) ဒုတိယရဲချုပ် (၂) တွဲဖက်အတွင်းရေးမှူး (၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၈) ဌာနကြီးမှူး တွဲဖက်အတွင်းရေးမှူး (၂)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၉) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး (၃)
မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

( ခ ) ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကိုရေးဆွဲချမှတ်ခြင်း၊

( ခ ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် လိုအပ်သည့် ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

( ဂ ) ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဃ) နိုင်ငံတကာနှင့် ပြည်တွင်းရှိအွန်လိုင်းလိမ်လည်မှုကွန်ရက်များ၏ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်း၊ လေ့လာဆန်းစစ်ခြင်းပြုကာ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊

( င ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်မှုစင်တာများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( စ ) လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများကျူးလွန်သည့် အွန်လိုင်းလိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမှတာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊

( ဇ ) အွန်လိုင်းလိမ်လည်မှုမှရရှိသော ငွေကြေးနှင့် ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဈ) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ည) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိလာသည့်အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းရန် ဒေသဆိုင်ရာကော်မတီများသို့ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( င ) အွန်လိုင်းလိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကိုလက်ခံ၍ သက်ဆိုင်ရာဌာနများမှတစ်ဆင့် အကူအညီများပေးနိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း (ဘဏ်လုပ်ငန်းရပ်ဆိုင်းခြင်း၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း)၊

( စ ) ဆက်သွယ်ရေးအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန် အသုံးပြုသော မိုဘိုင်းတယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုဒ်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊

( ဆ ) အွန်လိုင်းလိမ်လည်မှုစင်တာများတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန်အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဇ ) ကယ်ဆယ်ရရှိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့် နည်းလမ်းများကို အများပြည်သူအား အသိပညာပေးခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ၂ ) | လူမှုရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ၃ ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ၄ ) | အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | တိုင်းဦးစီးချုပ်<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( ၆ ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မန်နေဂျာ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>မြန်မာဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၉) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(ခ) ပြည်ထောင်စုနယ်မြေအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၂) အဖွဲ့ဝင် (၃) — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၃) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန

(၆) ဒုတိယအထွေထွေမန်နေဂျာ — အဖွဲ့ဝင်
နေပြည်တော်မြန်မာဆက်သွယ်ရေးလုပ်ငန်း

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၈) ပြည်ထောင်စုနယ်မြေဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၉) အဖွဲ့ဝင် (၁) — အတွင်းရေးမှူး
နေပြည်တော်ကောင်စီ

(၁၀) ရဲတပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ဒေသဆိုင်ရာကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဒေသဆိုင်ရာ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်သည်အထိ ဖော်ထုတ်တိုက်ဖျက်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှုဖော်ထုတ်ဖမ်းဆီးရန် အထူးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာမှရရှိလာသည့် အကျိုးအမြတ်များကို ချိပ်ပိတ်သိမ်းဆည်းခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှု ပြုလုပ်သည့်နေရာများသို့ ရောက်ရှိနေသော နိုင်ငံခြားသားများကို စိစစ်ထိန်းသိမ်းခြင်း၊

(င) ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်း၊

(စ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၉။ ဗဟိုကော်မတီသည်-

(က) အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဗဟိုဌာနကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | တပ်ဖွဲ့မှူး<br>မူခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ညွှန်ကြားရေးမှူး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

( ၇ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ၈ ) ဌာနမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

( ၉ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မှုခင်းဌာန၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၀) ဒုတိယတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဌာနမှူး — အဖွဲ့ဝင်
နည်းပညာဌာန၊ မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

( ခ ) ဗဟိုဌာနကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူက ဖုန်းဆက်၍ သတင်းပို့နိုင်ရန် ၂၄ နာရီ အရေးပေါ်တယ်လီဖုန်း အမှတ် (Hotline) သတ်မှတ်ပေးခြင်း၊

( ခ ) အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန်အရေးပေါ်တယ်လီဖုန်းအမှတ်၊ မိုဘိုင်းအပလီကေးရှင်း (Mobile Application)၊ ဝက်ဘ်အပလီကေးရှင်း (Web Application) တို့ကို တည်ထောင်၍ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) နစ်နာသူများထံမှ သတင်းပို့တိုင်ကြားချက်များကို စိစစ်အတည်ပြုခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ငွေစာရင်းအမှတ်ဘဏ်အမည်၊ လွှဲပြောင်းသည့်ငွေကြေးပမာဏ နှင့် လွှဲပြောင်းသည့်အချိန်စသည့်အချက်အလက်တို့ကို စာရင်းရေးသွင်းခြင်း၊

( င ) ရရှိလာသော အချက်အလက်များကို ဘဏ်စနစ်အတွင်း အမြန်ဆုံးစစ်ဆေးခြင်း၊ အွန်လိုင်းလိမ်လည်မှု ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အရေးကြီးသောအမှု (Emergency Case) အဖြစ် သတ်မှတ်ခြင်း၊

( စ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ၁၅ မိနစ်အတွင်း ယာယီပိတ်ပင် (Debit Freeze) ခြင်း၊

(ဆ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင်အသုံးပြုသော ကြားခံဘဏ်ငွေစာရင်းအမှတ် (Mule Account) များနှင့် ဆင်းကတ် (SIM Card) များကို ထိရောက်စွာ အရေးယူပိတ်ဆို့ခြင်း၊

( ဇ ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်တွင် ကျန်ရှိနေသောငွေများကို ဆက်လက်မဆုံးရှုံးစေရန် ယင်း၏အီလက်ထရောနစ်နည်းပညာသုံး ဘဏ်ငွေစာရင်းအမှတ် (Digital Banking Account) ယာယီပိတ်ပေးခြင်း၊

(ဈ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသော ငွေကြေးကို အမြန်ဆုံးပြန်လည်ရရှိနိုင်စေရန် ငွေကြေးစီးဆင်းမှုများကို ယာယီဆိုင်းငံ့ခွင့်နှင့် စစ်ဆေးခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ သတ်မှတ်ခြင်း၊

(ည) ငွေကြေး ဆက်လက်စီးဆင်းသွားသည့် ဘဏ်ငွေစာရင်းအမှတ်များကို ခြေရာခံခြင်း၊

(ဋ) အခြေခံအချက်အလက်များကို နီးစပ်ရာရဲစခန်းသို့ပေးပို့၍ ပထမသတင်းပေးတိုင်ချက်ဖွင့်ရန် ဆက်သွယ်ပေးခြင်း၊

(ဌ) ယာယီဆိုင်းငံ့ထားသော အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရန် သက်ဆိုင်ရာ ဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) အွန်လိုင်းလိမ်လည်မှုကျူးလွန်သည့် မိုဘိုင်းဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုဒ်၊ လင့်များနှင့် ငွေကြေးလွှဲပြောင်းမှုပုံစံများကို နည်းပညာဖြင့် စောင့်ကြည့်ဖော်ထုတ်ခြင်း၊

(ဎ) သတင်းအချက်အလက်နှင့် အထောက်အထားများကို စိစစ်အတည်ပြု၍ အမှုတွင်သက်သေခံအထောက်အထားအဖြစ် အသုံးပြုနိုင်ရန် ပေးပို့ခြင်း၊

(ဏ) နောက်ဆုံးပေါ် အွန်လိုင်းလိမ်လည်မှုပုံစံများကို အများပြည်သူသိရှိစေရန် သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူကို ဥပဒေဆိုင်ရာအကူအညီရရှိရေး ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးမှုနှင့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ထ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၇)

## တားဆီးကာကွယ်ခြင်း

၁၁။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများသည်–

(က) မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်း (Know Your Customer–KYC) ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence–CDD) ဆိုင်ရာလုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်ပြီးနောက် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူ၏ ကိုယ်စားလှယ်မှတစ်ဆင့် မိုဘိုင်းငွေကြေးစာရင်း ဖွင့်လှစ်သူကို နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုသည့်စနစ် ချမှတ်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ မိုဘိုင်းငွေကြေးစာရင်းဖွင့်လှစ်သူကို ကောင်းစွာသိရှိခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အရဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ကို စိစစ်ချက်အရဖြစ်စေ ပြည့်စုံမှုမရှိသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော အချက်အလက် စိစစ်တွေ့ရှိရပါက မိုဘိုင်းငွေကြေးစာရင်းအား ဖွင့်လှစ်ပေးခြင်း မပြုရ။

၁၂။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုများ စိစစ်တွေ့ရှိပါက ဗဟိုဌာနသို့ သတ်မှတ်ချက်နှင့်အညီ သတင်းပို့ရမည်။

၁၃။ နယ်စပ်လုံခြုံရေးစခန်းများသည် ကုန်းလမ်းမှလည်းကောင်း၊ ရေလမ်းမှလည်းကောင်း နိုင်ငံခြားသားများ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ထွက်မှုကို စစ်ဆေးတွေ့ရှိပါက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်ရမည်။

၁၄။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုကို ကာကွယ်ရန်-

(က) ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ဘဏ်ငွေစာရင်းများ ရောင်းချခြင်း၊ ငွေကြေးချို့တဲ့သူများကို မြူဆွယ်၍ ဘဏ်ငွေစာရင်းများဖွင့်၍ ဝယ်ယူခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့်ဘဏ်ငွေစာရင်း သို့မဟုတ် မိုဘိုင်းပေး (Mobile Pay) စာရင်းများဖွင့်လှစ်ခြင်းတို့မရှိစေရန် စိစစ်ကြပ်မတ်ရမည်။

(ခ) ဆင်းကတ်များ အခြားသူထံမှဝယ်ယူပြီး ဆက်သွယ်ရေးကွန်ရက်တွင် နည်းပညာအသုံးပြု၍ ငွေကြေးလိမ်လည်ခြင်း၊ ရရှိသောငွေကြေးများကို ပြည်ပနိုင်ငံများသို့ အဆင့်ဆင့်လွှဲပြောင်းခြင်းများ မရှိစေရန် စိစစ်ကြပ်မတ်ရမည်။

(ဂ) လူမှုကွန်ရက်၊ ဝက်ဘ်ဆိုဒ်၊ မိုဘိုင်းအက်ပလီကေးရှင်းများ အသုံးပြု၍ ဆက်သွယ်ရေးကွန်ရက်တွင် ငွေကြေးလိမ်လည်မှုပြုလုပ်သူကိုစောင့်ကြည့်သတင်းရယူခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အသွင်ယူစုံစမ်းခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) လူမှုကွန်ရက်တွင် သံသယဖြစ်ဖွယ်တွေ့ရှိရသော အကောင့်များအား စုံစမ်းထောက်လှမ်းနိုင်ရေးနှင့် ပိတ်သိမ်းနိုင်ရေးအတွက် နည်းပညာတိုးမြှင့်ဆောင်ရွက်ရမည်။

(င) ပြစ်မှုကျူးလွန်သည်ဟု သံသယဖြစ်ဖွယ်ရှိသော ဝက်ဘ်ဆိုဒ်များအား ပိတ်သိမ်းနိုင်ရေးအတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၈)

## သတင်းအချက်အလက်ဖလှယ်ခြင်း

၁၅။ အွန်လိုင်းလိမ်လည်မှုဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရန်အလို့ငှာ အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ်အကောင့်များ၊ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို ဗဟိုဒေတာစနစ် (Centralized Database) မှတစ်ဆင့် အပြန်အလှန်ဖလှယ်ရမည်-

(က) ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ (Financial Institutions)၊

(ခ) အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ (E-payment Service Providers)၊

(ဂ) ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများ။

၁၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်-

(က) မိမိတို့၏ စနစ်အတွင်း သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွယ်သည်ဟု သံသယဖြစ်ဖွယ် လုပ်ဆောင်ချက်များကို စိစစ်တွေ့ရှိပါကဗဟိုဌာနသို့ ချက်ချင်း သတင်းပို့ရမည်။

(ခ) သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ် သို့မဟုတ် ငွေကြေးလွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ အခြားဘဏ်တစ်ခုက စုံစမ်းမေးမြန်းလာလျှင် အချက်အလက်များကို ချက်ချင်းမျှဝေရမည်။

၁၇။ ဆက်သွယ်ရေး အော်ပရေတာသည်-

(က) ဆင်းကတ်မှတ်ပုံတင်ထားသူ၏ အချက်အလက်များ၊ အသုံးပြုသည့်တည်နေရာနှင့် ခေါ်ဆိုမှုမှတ်တမ်း (Call Details Record-CDR) များကို စနစ်တကျ ထိန်းသိမ်းထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ အချက်အလက်များကို ဗဟိုဌာနမှ တောင်းခံလာပါက ချက်ချင်းပေးပို့ရမည်။

၁၈။ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှုဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများသည် ဖလှယ်သောသတင်းအချက်အလက်များကို အွန်လိုင်းလိမ်လည်မှု မှုခင်းများတားဆီးနှိမ်နင်းရေးအတွက်သာ အသုံးပြုရမည်ဖြစ်ပြီး ကိုယ်ရေးအချက်အလက်ကာကွယ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ လုံခြုံစွာထိန်းသိမ်းရမည်။

## အခန်း (၉)

## ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁၉။ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူသည် မိမိ၏ငွေကြေးလွှဲပြောင်းမှုကိုသိရှိပြီးနောက် သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသို့ အမြန်ဆုံးအကြောင်းကြား၍ ငွေလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန် တောင်းဆိုနိုင်သည်။

၂၀။ ပုဒ်မ ၁၉ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အကြောင်းကြားချက်ကို ရရှိသည်နှင့်တစ်ပြိုင်နက် သံသယဖြစ်ဖွယ် ငွေစာရင်းအမှတ်ကို ၇၂ နာရီထက် မပိုသောကာလအထိ ယာယီဆိုင်းငံ့ခြင်း (Temporary Suspension) ကို ချက်ချင်းဆောင်ရွက်ရမည်။

၂၁။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည်-

(က) ဤဥပဒေအရ အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုနှင့်စပ်လျဉ်း၍ ဗဟိုဌာန သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အကြောင်းကြားချက်ရရှိပါက ငွေကြေးလွှဲပြောင်းမှုဆိုင်းငံ့ခြင်းကို ချက်ချင်း ဆောင်ရွက်ရမည်။

(ခ) ငွေကြေးလွှဲပြောင်းမှု ဆိုင်းငံ့ရန်ပျက်ကွက်ခြင်း၊ ကြန့်ကြာခြင်းတို့ကြောင့် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူ၏ ဘဏ်ငွေစာရင်းအမှတ်ရှိ ငွေကြေးများ လွှဲပြောင်းမှုမဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်။

၂၂။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် ပုဒ်မ ၁၉ အရ ဘဏ်သို့ အကြောင်းကြားပြီး ၂၄ နာရီအတွင်း ဗဟိုဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းတိုင်ကြားမှုစနစ် (Online Complaint Portal) မှတစ်ဆင့်ဖြစ်စေ ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်တင်ပြ တိုင်ကြားနိုင်သည်။

၂၃။ ဗဟိုဌာနသည်-

(က) တိုင်ကြားချက်ကိုစိစစ်၍ မှန်ကန်ပါက အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူအား သက်ဆိုင်ရာရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် (First Information Report–FIR) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပေးရမည်။

(ခ) ငွေကြေးစီးဆင်းမှုကို ခြေရာခံနိုင်ရန် တိုင်တန်းမှုမှတ်တမ်း (Case Identifier–Case ID) ကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ပေးပို့အကြောင်းကြားရမည်။

(ဂ) အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရ၍ တိုင်ကြားလာသည့် သတင်းအချက်အလက်များအနက် ဝက်ဘ်ဆိုဒ်၊ လူမှုကွန်ရက်၊ ဘဏ်ငွေစာရင်းအမှတ်၊ မိုဘိုင်းငွေပေးချေမှုစာရင်းအမှတ် (Mobile Payment Account) များ၊ တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်၍ ထပ်မံကျူးလွန်မှုမရှိစေရေး ပိတ်သိမ်းဆောင်ရွက်ရမည်။

(ဃ) အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ ဆုံးရှုံးသွားသည့် ငွေကြေးများ၏ စီးဆင်းရာလမ်းကြောင်း အဆင့်ဆင့်ကို စုံစမ်းဖော်ထုတ်ခြင်း၊ အချိန်မီပိတ်သိမ်းခြင်းများဆောင်ရွက်ရမည်။

(င) အာဆီယံရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ သတင်းအချက်အလက် ဖလှယ်ခြင်း၊ နယ်စပ်ဖြတ်ကျော်ငွေကြေးစီးဆင်းမှုကို ပိတ်ပင်တားဆီးနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

(စ) ပြည်ပဘဏ်များတွင် ရောက်ရှိနေသော အွန်လိုင်းလိမ်လည်ရရှိငွေများကို ပြန်လည်သိမ်းဆည်းနိုင်ရေး အတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေနှင့်အညီ သက်ဆိုင်ရာ နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

၂၄။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ တိုင်ကြားလာပါက သက်ဆိုင်ရာ ရဲစခန်းသည်–

(က) ဗဟိုဌာနက ပေးပို့သည့် အချက်အလက်များရရှိသည်နှင့်တစ်ပြိုင်နက် ပထမသတင်းပေးတိုင်တန်းချက် ရေးဖွင့်နိုင်ရေး ချက်ချင်းဆောင်ရွက်ရမည်။

(ခ) ပထမသတင်းပေးတိုင်တန်းချက်ရေးဖွင့်ပြီးပါက မိတ္တူကို နှစ်နာရီအတွင်း ဗဟိုဌာနသို့ပေးပို့တင်ပြရမည်။

(ဂ) အမှုနှင့်စပ်လျဉ်း၍ ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များကို ဗဟိုဌာနသို့ တင်ပြတောင်းခံ ရမည်။

(ဃ) ဗဟိုဌာနက စစ်ဆေးအတည်ပြုပြီးသည့် သတင်းအချက်အလက်များနှင့် အထောက်အထားများကို ကျွမ်းကျင်သူ၏ ထင်မြင်ချက်အဖြစ် သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၅။ ပုဒ်မ ၂၀ အရ ယာယီဆိုင်းငံ့ထားသည့် ကာလအတွင်း အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူကပထမ သတင်းပေးတိုင်တန်းခြင်းမပြုလျှင် သက်ဆိုင်ရာဘဏ်သည် ယာယီဆိုင်းငံ့ထားသော ဘဏ်ငွေစာရင်း အမှတ်ကို ပြန်လည်ဖွင့်လှစ်ပေးရမည်။

၂၆။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် မိမိတို့၏စနစ်အတွင်း ပုံမှန်မဟုတ်သော ငွေကြေး စီးဆင်းမှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုဟု သံသယဖြစ်ဖွယ်ရှိသော ငွေကြေးလွှဲပြောင်းမှုများကိုစိစစ် တွေ့ရှိပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ သူ၏ တိုင်ကြားချက်ကို စောင့်ဆိုင်းရန်မလိုဘဲ အဆိုပါဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ရမည်။

၂၇။ ပုဒ်မ ၂၆ အရ ယာယီဆိုင်းငံ့မှု ဆောင်ရွက်ပါက ဗဟိုဌာနသို့ ချက်ချင်းသတင်းပို့ရမည်။

၂၈။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ သတင်းပို့ချက်ကိုလက်ခံရရှိပါက ဗဟိုဌာနသည် အမှု ဖြစ်စဉ်ကို စိစစ်ပြီး လိုအပ်ပါက အဆိုပါဘဏ်ငွေစာရင်းအမှတ်ကို ဆက်လက်ဆိုင်းငံ့ထားရန် သို့မဟုတ် ဘဏ်ငွေစာရင်းအမှတ်နှင့်သက်ဆိုင်သော မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းရရှိနိုင်ရန် ဗဟိုဘဏ်နှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ညှိနှိုင်းအကြောင်းကြားရမည်။

## အခန်း (၁၀)

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၂၉။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့တို့နှင့်ပူးပေါင်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်–

(က) နယ်စပ်ဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုကို စုံစမ်းစစ်ဆေးရန် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူများကို လွှဲပြောင်းပေးခြင်း (Extradition) နှင့် ပူးတွဲစုံစမ်းစစ်ဆေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှု စင်တာများတွင် အဓမ္မခိုင်းစေခြင်းခံရသော နိုင်ငံခြားသားများကို ကယ်ဆယ်ရန် နှင့် ၎င်းတို့၏နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် နိုင်ငံတော်အတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့်နိုင်ငံခြားသားများအားဥပဒေနှင့်အညီအမြန်ဆုံးအရေးယူပြီးပြည်နှင်လွှဲပြောင်းမှုကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုဆိုင်ရာ နည်းပညာများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း။

၃၀။ ဗဟိုဌာနသည် အွန်လိုင်းလိမ်လည်မှုစုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သက်သေခံချက်အထောက်အထားများစုဆောင်းခြင်းတို့နှင့်စပ်လျဉ်း၍နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## တားမြစ်ချက်များ

၃၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရန်အလို့ငှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် မမှန်ကန်သော အချက်အလက်များကို သူတစ်ဦးထံဖြန့်ဝေခြင်း သို့မဟုတ် ပေးပို့ခြင်း မပြုရ။

၃၂။ မည်သူမျှ သူတစ်ဦး၏ ကိုယ်ရေးအချက်အလက်၊ ပုံရိပ်၊ ဓာတ်ပုံ သို့မဟုတ် အကောင့်များကို ရယူ၍ ထိုသူအဖြစ် အယောင်ဆောင်ကာ ငွေကြေး သို့မဟုတ် ပစ္စည်းကို တောင်းခံရယူခြင်း မပြုရ။

၃၃။ မည်သူမျှ ဘဏ်၊ ဆက်သွယ်ရေးအော်ပရေတာ သို့မဟုတ် ပြည်သူ့ဝန်ထမ်း အယောင်ဆောင်၍ သူတစ်ဦး၏ ဘဏ်ငွေစာရင်းအမှတ်၊ မိုဘိုင်းဝေါလက် သို့မဟုတ် တစ်ကြိမ်သုံး လျှို့ဝှက်နံပါတ် (One Time Password–OTP) ကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာအသုံးပြု၍ လိမ်လည်လှည့်ဖြားရယူခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

၃၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နိုင်ရန်အလို့ငှာ မှန်ကန်မှုမရှိသော အချက်အလက်ဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်း၊ အဆိုပါဆင်းကတ်ကိုအသုံးပြု၍ ဘဏ်ငွေစာရင်းအမှတ်ရရှိရေး ဆောင်ရွက်ခြင်း သို့မဟုတ် ပိုင်ရှင်အမည်နှင့် အချက်အလက် မှန်ကန်မှုမရှိသော ဘဏ်ငွေစာရင်းအမှတ်များကို ရောင်းဝယ်ခြင်း မပြုရ။

၃၅။ မည်သူမဆို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးဖြစ်ကြောင်း သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း မိမိ၏ဘဏ်ငွေစာရင်းအမှတ်မှတစ်ဆင့် လွှဲပြောင်းပေးခြင်း သို့မဟုတ် သိမ်းဆည်းပေးခြင်း သို့မဟုတ် ငွေကြေးခဝါချပေးခြင်း မပြုရ။

၃၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုမည့် ဆော့ဝဲလ်၊ မောဝဲလ် သို့မဟုတ် လင့်များကို ဖန်တီးခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၇။ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ဝက်ဘ်ဆိုဒ်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုဝက်ဘ်ဆိုဒ်ကို ဖယ်ရှားရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမျှ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုကို စစ်ဆေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ဗဟိုဌာနသို့ သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၉။ မည်သူမျှ မိမိအမည်ဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်ကို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန် အလို့ငှာ သူတစ်ဦးအားအသုံးပြုခွင့်ပေးခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုရ။

၄၀။ (က) ဆက်သွယ်ရေးအော်ပရေတာ တာဝန်ရှိသူမည်သူမျှ-

(၁) မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် အချက်အလက် မပြည့်စုံသော ဆင်းကတ်များကို ဝန်ဆောင်မှုပေးခြင်း မပြုရ။

(၂) အွန်လိုင်းလိမ်လည်မှုတွင် အသုံးပြုနေသည်ဟု ယူဆရသော ဆင်းကတ်များ သို့မဟုတ် တစ်ရက်လျှင် ပုံမှန်မဟုတ်သော ဖုန်းခေါ်ဆိုမှု အကြိမ်ရေ အလွန်အမင်းများပြားသော ဆင်းကတ်များကို အသုံးပြုခွင့် မပြုရ။

(၃) အွန်လိုင်းလိမ်လည်မှုနှင့်စပ်လျဉ်း၍ တရားဝင် အချက်အလက်တောင်းခံခြင်း သို့မဟုတ် သံသယဖြစ်ဖွယ် ဆင်းကတ်များအား ပိတ်သိမ်းရန် ညွှန်ကြားမှုကိုအကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း သို့မဟုတ် ကြန့်ကြာအောင် ပြုလုပ်ခြင်း မပြုရ။

( ခ ) ဆက်သွယ်ရေးအော်ပရေတာ၏ မည်သည့်ဝန်ထမ်းမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်နိုင်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ဆင်းကတ်မှတ်ပုံတင်ထားသူ၏ အချက်အလက်များကို မရိုးမဖြောင့်သော သဘောဖြင့် အခြားသူထံ လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၄၁။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ကြောင်းသိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေထုတ်ယူခွင့်ပြုခြင်း သို့မဟုတ် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် တစ်ဆင့် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၂။ မည်သူမျှ အခြားသူတစ်ဦးက အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုမည်ကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ မိမိ၏ ဘဏ်ငွေစာရင်း သို့မဟုတ် မိုဘိုင်းဝေါလက်ကို ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုရ။

၄၃။ အင်တာနက်ဝန်ဆောင်မှုပေးသူ၊ ဘဏ်၊ ငွေရေးကြေးရေး အဖွဲ့အစည်း သို့မဟုတ် ဆက်သွယ်ရေးအော်ပရေတာ၏တာဝန်ရှိသူ မည်သူမျှဝန်ဆောင်မှုရယူသူ တစ်ဦးဦး၏ ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းလိမ်လည်မှုကျူးလွန်သူထံ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးပို့ခြင်း မပြုရ။

၄၄။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုစင်တာဖွင့်လှစ်ခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဒီဂျစ်တယ်ငွေကြေးလိမ်လည်မှု (Crypto Scam) ကို ကျူးလွန်ခြင်း မပြုရ။

၄၆။ မည်သူမျှ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ လူစုဆောင်းခြင်း သို့မဟုတ် ဦးစီးဆောင်ရွက်ခြင်း မပြုရ။

၄၇။ မည်သူမျှ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရန်အလို့ငှာ သူတစ်ဦးကို အကြမ်းဖက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာပြုမူဆက်ဆံခြင်း မပြုရ။

၄၈။ မည်သူမျှ-

(က) အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ သူတစ်ဦးအား မတရားသွေးဆောင်စည်းရုံးခေါ်ဆောင်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ ဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်းစေခြင်း မပြုရ။

( ခ ) လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်း မပြုရ။

၄၉။ မည်သူမျှ သူတစ်ဦးအား ထိခိုက်နစ်နာစေရန် မဟုတ်မမှန် သတင်းပေးတိုင်ကြား၍ အခြားသူ၏ ဘဏ်ငွေစာရင်းအမှတ်အား ဆိုင်းငံ့စေခြင်း မပြုရ။

၅၀။ မည်သူမျှ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း မပြုရ။

## အခန်း (၁၂)

## ပြစ်ဒဏ်များ

၅၁။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၄၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ် သိန်း တစ်ရာမှ အများဆုံး ကျပ် သိန်း ငါးရာထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၂။ မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ် သိန်း ငါးရာမှ အများဆုံး ကျပ် သိန်း တစ်ထောင်ထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ သို့မဟုတ် ပုဒ်မ ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်ဆယ် နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်ထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အကယ်၍ အဆိုပါ ပြစ်မှုကျူးလွန်ရာတွင် တစ်ဦးတစ်ယောက်ကို သေဆုံးစေခဲ့သော် သေဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ရမည်။

၅၆။ တရားရုံးသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ အောက်ပါအမိန့် တစ်ရပ်ရပ် ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ ရပိုင်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(ဂ) ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ရထိုက်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း။

## အခန်း (၁၃)

## အထွေထွေ

၅၇။ ဤဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှစ၍ ဗဟိုဘဏ်၊ ပုဂ္ဂလိကဘဏ်၊ ဆက်သွယ်ရေး အော်ပရေတာနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူတို့သည်–

(က) ၎င်းတို့၏ စနစ်များကို ဗဟိုဌာန၏ ကွန်ရက်နှင့် ဒီဂျစ်တယ်စနစ်များ အချက်အလက်ဖလှယ်မှု နည်းပညာ (Application Programming Interface–API) များမှတစ်ဆင့် ချိတ်ဆက်ရမည်။

(ခ) အလိုအလျောက်စနစ် (Automatic Systems) များ တပ်ဆင်ခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို တာဝန်ယူဆောင်ရွက်ရမည်။

၅၈။ သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှုများ၊ ဆင်းကတ်အသုံးပြုမှုများနှင့် (Internet Protocol Address) များကို ဗဟိုဌာနက အချိန်နှင့်တစ်ပြေးညီ (Real–time) စောင့်ကြည့်စစ်ဆေးနိုင်သည့် စနစ်ဖြစ်စေရန် ဆောင်ရွက်ရမည်။

၅၉။ ဗဟိုဒေတာစနစ် တည်ဆောက်ခြင်း (Centralized Database) နှင့်စပ်လျဉ်း၍–

(က) တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသော ကွန်ပျူတာနှင့် အင်တာနက်အသုံးပြု၍ ကျူးလွန်သော ပြစ်မှု (Cyber Crime) ဖြစ်စဉ်များကို ချက်ချင်းသိရှိနိုင်မည့် ပေါင်းစပ်ညှိနှိုင်းထားသော သတင်းအချက်အလက်ပြ မျက်နှာပြင် (Unified Dashboard) တစ်ခု တည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်။

(ခ) အွန်လိုင်းလိမ်လည်သူများ၏ ဖုန်းနံပါတ်၊ အိုင်ပီလိပ်စာ (Internet Protocol Address)၊ ဘဏ်ငွေစာရင်းအမှတ်နှင့် အစိုးရဌာနသို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပေးသည့် စာရွက်စာတမ်း အထောက်အထား (Identity Document–ID) နိုင်ငံတကာမိုဘိုင်းကိရိယာအမှတ်အသား (International Mobile Equipment Identity–IMEI) များကို စနစ်တကျစုစည်းထားပြီးအင်တာနက်ဝန်ဆောင်မှုပေးသူနှင့် ဘဏ်များသို့ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်သည့်စနစ် (Real–time Feed) တည်ဆောက်နိုင်ရေး ဆောင်ရွက်ရမည်။

၆၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ခြင်း ဆောင်ရွက်သောဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမှတာဝန်ရှိသူများကိုရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

၆၁။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၃၃၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးဒွန်းအောင် (တ/၃၆၆၂) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန် အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၃၃၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးရဲထွဋ်အောင် တ/၃၄၆၉ | မင်းတုန်း မကွေးတိုင်းဒေသကြီး |
| ၂။ | ဦးခန့်ကျော်လင်း တ/၃၇၈၃ | ပုလော တနင်္သာရီတိုင်းဒေသကြီး |

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၁၈၈,၀၀၀-၄,၀၀၀-၂၂၈,၀၀၀) ရာထူးနေရာတွင် ဤရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လင်းအောင် အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ ဦးကျော်လင်းအောင် ကို ကိုယ်ရေးအရာရှိ ခံစားခွင့်ရှိသော အမြင့်ဆုံးလစာနှုန်း ၃၂၈,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၆)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်း ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဒေါ်ဖြိုးသန္တာကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃/ တမည (နိုင်) ၀၀၄၄၉၃ (ဘ) ဦးကျော်စိုး အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/-ကို ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၆)

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်ဥမ္မာအေး ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးသန်းထွန်းဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/ထတပ (နိုင်) ၀၉၃၂၈၇ (ဘ) ဦးစိုးမင်း အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/-ကို ခံစားခွင့်ပြုလိုက်သည်။

အောင်ဇော်သိန်း
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်)

## ကိုယ်ရေးအရာရှိရာထူးခန့်ထားခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးသန်းစိုး [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၉ / လဝန (နိုင်) ၀၀၈၃၄၅] ကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

## ကြေညာချက်အမှတ် (၄၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်)

## ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အဖွဲ့ဝင် (၁) ဦးတင့်နိုင် ကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (အရှေ့ပိုင်း) ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

သန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၃၉၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ အကွက်အမှတ်/အမည် (၃၀/ပိတောက်ရွှေဝါ)၊ မြေကွက်အမှတ် (၁၅) ရှိ မြေဧရိယာ ၀.၀၅၅ ဧကနှင့် မြေကွက်အမှတ် (၁၄/၂) ရှိ မြေဧရိယာ ၀.၀၂၇ ဧက **စုစုပေါင်းမြေဧရိယာ ၀.၀၈၂ ဧက** အား **ကော့သောင်းခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

